ကျော်အောင်
ပြုစုသည်။

လူ၏ အစ
နေထိုင်စားသောက်ခြင်း၏ အစ
ကိုးကွယ်မှု၏ အစ
အုပ်စိုးမှု၏ အစ
လူတန်းစား၏ အစ
အာဏာ၏ အစ
စစ်မက်၏ အစ



# လူ့သမိုင်း

## နိဒါန်း

**မနုဿတ္တ ဒုလ္လဘော။**

လူ့ဘဝ ဆိုသည် မှာ ရခဲလှသည့်အဖြစ်ဟု ဆိုကြပါသည် ။

သိပ္ပံပညာ အလိုအရကား လူ့အဖြစ်ထက် လူတို့ မှီတင်းနေထိုင်သည့် ကျွန်တော်တို့ ကမ္ဘာမြေကြီး ဖြစ်ပေါ်တည်ရှိလာပုံမှာ ပို၍ ထူးဆန်းအံ့သြဖွယ် ကောင်းလေသည် ။

စကြဝဠာ အနန္တတွင် ကျွန်တော်တို့ ၏ နေစကြဝဠာ ဖြစ်ပေါ်လာပုံမှာ ရတ်တရက် ရှောင်တခင်ဖြစ်သည့် အဖြစ်မျိုးဟု ဆိုကြသည် ။ ကျွန်တော်တို့ တည်ရှိသည့် နေစကြဝဠာလို စကြဝဠာပေါင်း အသင်္ချေရှိသေးသည် ။ နေစကြဝဠာတွင် ကျွန်တော်တို့ မှီတင်း နေထိုင်ရာ ဤကမ္ဘာမြေသည် ဂြိုဟ်တစ်ခု ဖြစ်သည် ။ နေကို ပတ်၍ လည်နေကြသော အခြားဂြိုဟ်များ ရှိသေးသည် ။ ထိုဂြိုဟ်များကား နေနှင့် ဝေးသည့်ဂြိုဟ်၊ နီးသည့်ဂြိုဟ်ဟူ၍ ရှိကြသည် ။ ကျွန်တော်တို့ ကမ္ဘာသည် သာ နေနှင့် သင့်တင့်လျောက်ပတ်သော အကွာအဝေးတွင် ရှိသည် ဟု ဆိုကြပါသည် ။ သို့ဖြစ်သောကြောင့်သာ အပူအအေး မျှတရခြင်း ဖြစ်သည် ။ နေနှင့် သည့်ထက်ပို၍ နီးလျှင် ကမ္ဘာမြေသည် အပူရှိန်တညီးညီး တောက်လောင်နေလိမ့်မည်။ သည့်ထက်ပို၍ ဝေးလျှင် ရေခဲတမျှ အေးနေလိမ့်မည်။ ထိုအခါ

ကမ္ဘာမြေ၌ သက်ရှိသတ္တဝါတို့ အသက်မရှင်နိုင်ဟု ဆိုကြသည် ။ နေစကြဝဠာတွင် အခြားဂြိုဟ်များ ၌ သက်ရှိသတ္တဝါတို့ မတည်ရှိနိုင်ဟု သိပ္ပံပညာရှင်တို့ က ဆိုကြသည် ။ သူတို့ အဆိုသည် မှန်ဖို့ များ သည် ။ အကြောင်းမှာ သူတို့ သည် အာကာသသိပ္ပံပညာကို ယခုအခါ ပို၍ ပို၍ သိနားလည်လာကြသောကြောင့် ဖြစ်သည် ။

သို့ဖြစ်ရာ မနုဿတ္တဒုလ္လဘော ဟူသော ကျမ်းဂန်လာ စကားသည် သိပ္ပံပညာ၏ အလိုနှင့်လည်း ကိုက်ညီသည် ဟု ဆိုရပေလိမ့်မည်။

ကျွန်တော်တို့ "လူ" ဟူသည့် သတ္တဝါများ ဤကမ္ဘာမြေတွင် ပေါ်ခဲ့သည် မှာ နှစ်ပေါင်း သန်းပေါင်းများ စွာ ရှိခဲ့ပြီ။ ခရီးအမျိုးမျိုးကို ကျွန်တော်တို့ ၏ အနွယ်တို့ ဖြတ်သန်းလာခဲ့ရပြီ။ ယနေ့ကား လူသည် နောက်ကြောင်းခရီးကို ပြောင်းပြန်၍ ကြည့်ရန် အချိန်ကောင်းဟု ထင်သည် ။ လူသည် အဖျက်အဆီးအမျိုးမျိုး၊ ကပ်အမျိုးမျိုးကို ကျော်လွန်လာခဲ့ရသည် ။ ယနေ့မူ လမ်းဆုံ လမ်းခွ၌ ရောက်နေပြီဟု ထင်သည် ။

သူ ဖြတ်သန်းလာခဲ့သည့် ခရီးကား ကြမ်းတမ်း ခက်ထန်လှသည် ။ သူ၏ သမိုင်းသည် ရှည်လျားလှသည် ။ ဖြတ်သန်းခဲ့ရသည့် ခရီးတွင် သူသည် လမ်းစပျောက်ခဲ့ရသည့်အခါလည်း ရှိသည် ။ ယောင်တိယောင်တောင် နှင့် ခရီးဆက်ခဲ့ရသည့် အခါလည်း ရှိသည် ။ လမ်းစပျောက်ရာမှ လမ်းပြန်တွေ့ကာ အားတက်ရွှင်လန်းစွာ ခရီးဆက်ခဲ့ရသည့် အခါလည်း ရှိသည် ။ ယနေ့ကား အနာဂတ်ခရီးကို ဆက်ရန် လမ်းကောင်းကို ရွေးရမည့်အချိန် ဖြစ်သည် ။ လမ်းအရွေးမမှားဖို့ အရေးကြီးသည် ။

ယနေ့ ကျွန်တော်တို့ ရောက်နေသော လမ်းဆုံလမ်းခွတွင်

လမ်းညွှန်များ အများ အပြား တွေ့နိုင်မည် ထင်ပါသည် ။ အချို့ လမ်းညွှန်တို့ သည် လောကနိဗ္ဗာန်ဟု ဆိုသော သာယာဝပြောသည့် လောကသို့ ညွှန်ပြနေသည် ။ အချို့ လမ်းညွှန်တို့ ကား သေမင်းချောက်ကမ်းပါးသို့ ညွှန်ပြနေသည် ။ ရွေးချယ်ရန်မှာ လူတို့ ၏ တာဝန်သာ ဖြစ်သည် ။ လူတို့ သည် အသက်ဆက်လက်ရှင်ရေးအတွက် အားထုတ်ခဲ့ကြသည် ။ အသက်ရှင်လိုသည့် ဆန္ဒသည် လူတွင် အကြီးဆုံးသော ဆန္ဒ ဖြစ်သည် ။ ထိုဆန္ဒကြောင့်ပင် လူသည် လမ်းကောင်းလမ်းမှန်တို့ ကို သမိုင်းတစ်လျှောက် ရွေးချယ်ခဲ့သည် ဟု ဆိုနိုင်သည် ။ သို့သော် ယနေ့ကား ဤသို့ မဟုတ်တော့ပြီ။ အကြောင်းမှာ အချို့သော လူပါးလူနပ်တို့ သည် လူတို့ ကို လမ်းမှားသို့ ရောက်အောင် သွေးဆောင် ဖြားယောင်းနေကြသည် ။ သို့ဖြစ်ရာ လူတို့ သည် ကြံရာမရ ဖြစ်ခဲ့ရသည် ။ သံသယများ ရှိခဲ့ကြရသည် ။ ဘယ်လမ်းသည် လမ်းကောင်းလမ်းမှန် ဖြစ်သည် ကို မရွေးတတ်အောင် ရှိခဲ့ကြသည် ။ သတိကြီးစွာနှင့် ရွေးချယ်နိုင်ပါမှ လမ်းမှန်ရောက်နိုင်မည် ဖြစ်သည် ။

သည် လိုဆိုလျှင် လမ်းမှန်ကို ဘယ်လိုရှာရမည်နည်း။ လမ်းမှန်ရောက်အောင် ဘယ်သူက ကျွန်တော်တို့ အား ညွှန်ပြမည်နည်း။ အဖြေကား လူတိုင်းလူတိုင်းသည် မိမိလမ်းကို မိမိ ရှာဖွေလိုက်လျှောက်ရန်ပင် ဖြစ်သည် ဟူ၍ ဖြစ်သတည်း။

သို့တိုင်အောင် လူတိုင်း လူတိုင်းသည် လမ်းမှန်ကို မည်ကဲ့သို့ ရှာဖွေရမည်နည်း ဟူသော မေးခွန်း ကျန်သေးသည် ။

လူတိုင်း လူတိုင်းသည် မိမိ ရပ်တည်နေရာ လမ်းဆုံလမ်းခွတွင် ရပ်ကာ နောက်ကြောင်းကို ပြန်၍ ငဲ့စောင်း ကြည့်သင့်ပါသည် ။ "ငါတို့ ဘယ်လောက် ခရီးတွင် ခဲ့ပြီလဲ။ ငါတို့ လူ့အနွယ်တို့ သည်

လမ်းမှန်ရောက်အောင် ဘယ်လို ရှာဖွေခဲ့သလဲ" စသည့် မေးခွန်းတို့ ကို မေးမြန်းကာ ဆင်ခြင်သုံးသပ်သင့်သည် ဟု ထင်ပါသည် ။ ထိုအခါ အဖြေအချို့ကို တွေ့ကာ အလင်းရောင်ရမည် အမှန်ပင် ဖြစ်ပါသည် ။

အကြောင်းမှာ လူသည် ထူးဆန်းအံ့သြဖွယ် ကောင်းလှသည့် မိမိတို့ ၏ ဘဝတည်မြဲရေးတိုက်ပွဲတို့ ကို တွေ့မြင်နိုင်မည် ဖြစ်သောကြောင့်တည်း။

ဤကမ္ဘာမြေတွင် လူသည် အာဇာနည်ပုဂ္ဂိုလ်တစ်ဦး ဖြစ်လေသည် ။ သူသည် အခြား သက်ရှိတို့ ထက် အဆင့်အတန်းမြင့်သည့် သက်ရှိသတ္တဝါ ဖြစ်သည် ။ သူ့ ဦးနှောက်သည် တွေးတော စဉ်းစားနိုင်သည် ။ ပတ်ဝန်းကျင်ကို သိနားလည်ကာ ထိန်းချုပ်နိုင်သည် ။ သဘာဝကို အောင်နိုင်ပြီးသည့်နောက် လူသည် အံ့မခန်းဖွယ် တည်ဆောက်မှု မှန်သမျှကို တည်ဆောက်ခဲ့သည် ။ အလုအပအရာမှန်သမျှကို တီထွင်ခဲ့သည် ။ စက်များ တီထွင်ခဲ့သည် ။ နောက်ဆုံး အဏုမြူအားကို ရှာဖွေတွေ့ရှိခဲ့သည် ။ ယခုကား စကြဝဠာ တစ်ခွင်သို့ ခရီးထွက်ရန် တာစူနေပေပြီ။

ဤစာအုပ်ငယ်တွင် ဤအကြောင်းတို့ ကို အကျဉ်းရုံး၍ ဖော်ပြထားပါသည် ။ လူ့အကြောင်းကို အကျယ်ချဲ့ရမည် ဆိုလျှင်ကား ဆုံးနိုင်အံ့မထင်ပါ။ ဤအကျဉ်းရုံးပြဆိုသော လူ့သမိုင်းတွင် လူတို့ ၏ အောင်မြင်မှုအချို့ကို ဖော်ပြထားပါသည် ။ ယင်းတို့ ကို သိရှိကာ အားတက်စိတ်ဖြင့် ရှေ့သို့ ချီတက်နိုင်ရန် ဖြစ်ပါသတည်း။

**ကျော်အောင်**

***

## မှီငြမ်း ကိုးကားသော စာအုပ်စာတမ်းများ


၁။ Mulk Raj Anand - - - The Story of Man

၂။ G. H. Luce - - - Economic Life of Early Burmans

၃။ J. A. Stewart - - - Spinning Magic

၄။ ဦးဖေမောင်တင် - - - ဘာသာလောကကျမ်း

၅။ ဇော်ဂျီ - - - ရှေးရိုး မြန်မာပန်းချီ

၆။ ဇော်ဂျီ - - - ပန်းချီမေတ္တာစာ

၇။ ဇော်ဂျီ - - - မြန်မာတို့ ၏ သဘင်ပညာ သမိုင်းချုပ်

၈။ ဇော်ဂျီ - - - ပုဂံမြို့ဟောင်းနှင့် ကျွန်တော်

၉။ ဒေါက်တာသန်းထွန်း - - - မြန်မာရာဇဝင်စာတမ်း အမှတ် တစ်

၁၀။ ဒေါက်တာလှဖေ - - - မြန်မာစာပေ

၁၁။ ဦးကုလား - - - မဟာရာဇဝင်ကြီး

၁၂။ - - - လူထု သိပ္ပံကျမ်း၊ စာပေဗိမာန်။


***